အက်တလက်စ်ကော့ပ်ကိုအဖွဲ့

# လက်တွေ့စီးပွားရေးဥပဒေ

Sustainable Productivity

Atlas Copco

# ပါဝင်သည့် အကြောင်းအရာများ

**အက်တလက်စ်ကော့ပ်ကိုအဖွဲ့** ၁
စိတ်ကူးထဲမှာလည်း ပထမ–ရွေးချယ်မှုမှာလည်း ပထမ ၂
အဓိကတန်ဖိုးများ ၃

**အဆက်အသွယ်များ** ၄
လူ့အဖွဲ့အစည်းနှင့်ပါတ်ဝန်းကျင ၅
အလုပ်သမားများ ၆
ဝယ်ယူအားပေးသူများ ၇
စီးပွားရေးလုပ်ဖေါ်ကိုင်ဖက်များ ၇
အစုစပ်ဝင်သူများ ၈

**တာဝန်ခံမှု** ၉
ပွင့်လင်းမြင်သာမှု ၉
စီးပွားရေးဖြောင့်မတ်ခြင်း ၁၀
အုပ်ချုပ်ပ ၁၁
ဆောင်ရွက်မှုများနှင့်လေးစားလိုက်နာခြင်း ၁၂

*အက်တလက်စ AB နှင့်၎င်း၏လက်အောက်တွင်ရှိသောအခြားကုမ္ပဏီမ ျားအားတစ်ခါတစ်ရံတွင်အက်တလက်စ်ကော့ပ်ကိုအဖွဲ့၊အဖွဲ့၊သို့မဟုတ် အက်တလက်စ်ကော့ပ်ကို ဟုဖေါ်ပြသည်။ အက်တလက်စ်ကော့ပ်က AB အား တစ်ခါတစ်ရံတွင် အက်တလက်စ်ကော့ပ်ကိုဟုလည်းဖေါ်ပြသည်။*

အက်တလက်စ်ကော့ပ်ကိုအဖွဲ့

# လက်တွေ့စီးပွားရေးဥပဒေ

အက်တလက်စ်ကော့ပ်ကိုအဖွဲ့ ၏ လက်တွေ့စီးပွားရေးဥပဒေတွင် စီးပွားရေးကိုယ်ကျင့်တရား နှင့် လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မှုတို့နှင့်ပါတ်သက်သော အတွင်းမူဝါဒ မှတ်တမ်းမှတ်ရာများကို အကျဉ်းချုံး ဖော်ပြထားပါသည်။ စီးပွားရေးလုပ်ဖေါ်ကိုင်ဖက်များအပါအဝင် အဖွဲ့အစည်းကုမ္ပဏီများရှိ အလုပ်သမားများနှင့် မန်နေဂျာများ အားလုံးအား ဤမူဝါဒများကို လိုက်နာစောင့်ထိန်းမည်ဟု မျှော်လင့်သည်။

အက်တလက်စ်ကော့ပ်ကို မှ ထောက်ခံထားသော အဓိကနိုင်ငံတကာကိုယ်ကျင့်တရားဆိုင်ရာလမ်းညွှန်ချက် များမှာ။ ။

ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံတကာလူ့အခွင့်အရေးများကြေညာချက် **www.un.org**
လုပ်ငန်းခွင် အခွင့်အရေးများနှင
အခြေခံဥပဒ္ဒသေများအပေါ် နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်း၏ ကြေညာချက် **www.ilo.org**
ကမ္ဘာ့ကုလသမဂ္ဂ တစ်ကမ္ဘာလုံးဆိုင်ရာ တရားဝင်သဘောတူညီချက **www.unglobalcompact.org**
နိုင်ငံမျိုးစုံပါဝင်သောလုပ်ငန်းများအတွက် OECD ၏လမ်းညွှန်ချက်များ **www.oecd.org**

အက်တလက်စ်ကော့ပ်ကိုသည် ၂၀၀၈ခုနှစ်မှစ၍ ကမ္ဘာ့ကုလသမဂ္ဂ တစ်ကမ္ဘာလုံးဆိုင်ရာတရားဝင် သဘော–ာတူညီချက်၏ အဖွဲ့ဝင်ဖြစ်ခဲ့သည်။

အက်တလက်စ်ကော့ပ်ကို၏ရေရှည်ထိန်းထားနိုင်စွမ်းအစီရင်ခံခြင်းသည် တစ်ကမ္ဘာလုံးဆိုင်ရာ ၏ ကို လိုက်နာသည် ပဏာမဆောင်ရွက်ချက် လမ်းညွှန်ချက်များအစီရင်ခံခြင်း **www.globalreporting.org**

# အက်တလက်စ်ကော့ပ်ကိုအဖွဲ့

အက်တလက်စ်ကော့ပ်ကိုသည်ကွန်ပရက်ဆာများ၊ စန့်ကိရိယာများနှင့် လေသန့်စင်စနစ်များ၊ ဆောက်လုပ်ရေးနှင့် သတ္တုတွင်းလုပ်ငန်းဆိုင်ရာ ကိရိယာများ၊ ပါဝါကိရိယာများနှင့် တပ်ဆင်စနစ်များတွင် ကမ္ဘာ့ဦးဆောင်မှုအနေအထားများ၌ရှိသော စက်မှုလုပ်ငန်းဆိုင်ရာအဖွဲ့တစ်ခုဖြစ်သည်။အဖွဲ့၏ကမ္ဘာတစ်ဝှမ်းဖြန့်ကျက်ထားနိုင်မှုမှာ နိုင်ငံပေါင်း ၁၇၀နိုင်ငံ အထက်တွင်ရှိသည်။

ကျွန်ုပ်တို့၏စီးပွားရေးလုပ်ငန်းလုပ်ရှားမှုများအား ကမ္ဘာနှင့်အဝှမ်းရှိလုပ်ကိုင်လျက်ရှိသော သီးခြားလုပ်ငန်းခွဲများမှတစ်ဆင့် စီမံခန့်ခွဲမှုပြုသည်။ အက်တလက်စ်ကော့ပ်ကိုအဖွဲ့အား ဖလှယ်ထင်မြင်ချက်တစ်ခု၊ မြင်တွေ့နေကျသတ်မှတ်ချက်တစ်ခု၊ ဤအက်တလက်စ်ကော့ပ်ကိုအဖွဲ့၏ လက်တွေ့စီးပွားရေးဥပဒေကို ထိန်းသိမ်းလိုက်နာမှုတစ်ခု တို့ဖြင့် ပေါင်းရုံးစုစည်းထားသည်။



ရှိနီလက်တင်၊ ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ် စတော့ဟုမ်း၊
ဆွီဒင်၊ ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၁၂၊



# စိတ်ကူးထဲမှာလည်းပထမ–ရွေးချယ်မှုမှာလည်းပထမ၂

အက်တလက်စ်ကော့ပ်ကိုအဖွဲ့တွင် ၎င်း၏ဖေါက်သည်များ၊ ဖေါက်သည်ဖြစ်လာနိုင်ချေရှိသူများ နှင့် အခြား အဓိက အစုစပ်ပါဝင်သူများ၏ စိတ်ကူးထဲမှာလဲပထမ–ရွေးချယ်မှုမှာလဲပထမ အနေဖြင့် စွဲထင်ကျန်နေစေမည့် အမြင်မျိုးရှိသည်။ ကျွန်ုပ်တို့အား ဦးဆောင်သူတစ်ဦး အဖြစ်ရှိနေစေခြင်းအဓိပ္ပါယ်မှာ၊ ကျွန်ုပ်တို့သည် စီးပွားရေးဖလှယ်ခြင်းကို စိတ်ကူးဖလှယ်ခြင်းဖြင့်ဦးဆောင်သင့်ပြီး ကျွန်ုပ်တို့ကို စံနှုန်းများသတ်မှတ်သူနှင့် မျှော်မှန်းထားသည်ထက် သာလွန်သော ဆန်းသစ်တီထွင်သူ တစ်ဦးအဖြစ်မြင်လာစေသင့်ခြင်းပင်ဖြစ်သည်။

# အဓိကတန်ဖိုးများ

အဖွဲ့အစည်း၏အဓိတန်ဖိုးများဖြစ်သော တုံ့ပြန်မှု၊ ကတိကဝတ် နှင့် တီထွင်စမ်းသစ်မှုတို့က ကျွန်ုပ်တို့၏ အတိတ်ကိုပုံဖော်ခဲ့သလို လက်ရှိပစ္စုပ္ပန်ကိုဖန်တီးပေးကာ အနာဂတ်ကိုလည်း လမ်းညွှန်ပေးပါလိမ့်မည်။ ကျွန်ုပ်တို့၏အဓိတန်ဖိုးများသည် အဖွဲ့အား အများနှင့်ယှဉ်နိုင်သောအကျိုးအမြတ်တစ်ခုဖြင့်ကိုယ်စားပြုပြီး ပြောင်းလဲသွားသောပါတ်ဝန်းကျင်တစ်ခုတွင်တောင်မှ ကျွန်ုပ်တို့၏ဦးဆောင်မှုအနေအထားကို ထိန်းသိမ်းနိုင်ရန် ကူညီသည်။

အက်တလက်စ်ကော့ပ်ကို၏အရေးပါသောပင်ကိုယ်အရည်အချင်းမှာကျွန်ုပ်တို့၏ဖေါက်သည်နှင့် အခြား အစုစပ်ဝင်သူများ၏အထွေထွေသောလိုအပ်ချက်များအားနားထောင်နိုင်စွမ်းနှင့် နားလည်နိုင်စွမ်းဖြစ်ပြီး၊ ဤတုံ့ပြန်လာသော ဖြစ်စဉ်မှသင်ယူရရှိလာသောအချက်များပေါ်အခြေခံ၍ ကျွန်ုပ်တို့၏လုပ်နိုင်စွမ်းကို အသစ်ဖန်တီးခြင်းနှင့်ပိုမိုကောင်းမွန်သောဖြေရှင်းနည်းများဖြင့် ပေါင်းစပ်သွားသည်။

ကတိကဝတ်ဆိုသည်မှာကျွန်ုပ်တို့ အတတ်နိုင်ဆုံး လုပ်ဆောင်ပေးနိုင်မည့် အကောင်းဆုံး ဖြေရှင်းနည်းကို ရှာဖွေပေးခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏လူများကို လုံးဝတာဝန်ခံပြီး ကျွန်ုပ်တို့၏ ရည်မှန်းချက်ပန်းတိုင်များသို့ ဦးတည်နေခြင်းအားဖြင့် ဝယ်ယူအားပေးသူများ၏စီးပွားရေးကိုတန်ဖိုးမြင့်စေသည်။

လုပ်ဆောင်သောအရာများတွင် ပိုကောင်းမွန်သောနည်းလမ်းတစ်ခုအစဉ်အမြဲရှိသည် ဆိုသည်မှာ ကျွန်ုပ်တို့၏ ယုံကြည်ချက်ဖြစ်သည်။ ထိုဆန်းသစ်တီထွင်မှုရှိသောစိတ်ဓါတ်သည် အက်တလက်စ်ကော့ပ်ကို၏ကိုယ်ပိုင်အမှတ်အသားများဖြစ်သလို ကျွန်ုပ်တို့၏စီးပွားရေးစီမံခန့်ခွဲမှုနည်းလမ်းများ၏မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့အား စက်မှုလုပ်ငန်းတွင် ဦးဆောင်သူအဖွဲ့တစ်ဖွဲ့ အဖြစ်ရောက်ရှိစေခဲ့သည့်တွန်းအားလည်းဖြစ်သည်။ ဆန်းသစ်တီထွင်ခြင်းသည် ရေရှည်အကျိုးအမြတ်ရရှိစေရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံး မောင်းနှင်အားဖြစ်သည်။

ကျွန်ုပ်တို့၏အဓိကတန်ဖိုးများဖြစ်သော တုံ့ပြန်မှု၊ ကတိကဝတ်၊ နှင့် ဆန်းသစ်တီထွင်ခြင်းများအား ကျွန်ုပ်တို့၏ အဓိက အစုရှယ်ယာပါဝင်သူများကို ကျွန်ုပ်တို့ မည်သို့မည်ပုံဆက်ဆံသည်ဆိုသည့်အချက်က ရောင်ပြန်ဟတ်စေသည်။ ထို့ပြင်၊ အဖွဲ့အစည်းအတွင်းရှိ ကုမ္ပဏီ အားလုံးအား  စီးပွားရေးကိုယ်ကျင့်တရား နှင့် လူမှုရေး နှင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်မှုတို့နှင့်ပါတ်သက်သော မူဝါဒများကို လိုက်နာစောင့်ထိန်းရန် မျှော်လင့်ထားသည်။

# ပေါင်းသင်းဆက်ဆံခြင်း



# လူ့အဖွဲ့အစည်းနှင့်ပတ်ဝန်းကျင်

ကျွန်ုပ်တို့သည်ကောင်းမွန်ပြီး ယုံကြည်အားထားရသော နိုင်ငံသားတစ်ဦးဖြစ်ရန်နှင့် ကျွန်ုပ်တို့ စီမံဆောင်ရွက်နေသော နိုင်ငံများ၏ ဥပဒေများပြဋ္ဌာန်းချက်များအပါအဝင်နှင့် စိတ်ဓါတ်များကို လေ့လာရန် အမြဲကြိုးပမ်းသည်။

- ကျွန်ုပ်တို့သည် နိုင်ငံတကာက အသိအမှတ်ပြုထားသည့်လူ့အခွင့်အရေးများအားလုံးကို ထောက်ခံပြီး လေးစားလိုက်နာသလို အဖွဲ့ကြီး၏ ကမ္ဘာတဝှမ်း လုပ်ဆောင်လျက်ရှိသည်များကို အဖွဲ့ကြီး၏ ကမ္ဘာတဝှမ်း လုပ်ဆောင်လျက်ရှိသည်များ၌လည်း ထိုအခွင့်အရေးများကို လေးစားလိုက်နာပါသည်။

- ငွေရေးကြေးရေးအောင်မြင်မှုအတွက် ကျွန်ုပ်တို့၏ကတိကဝတ်ပေးသလိုမျိုး ပိုမိုကျယ်ဝန်းလာသောစီးပွားရေး၊ ပတ်ဝန်းကျင်နှင့်ကျွန်ုပ်တို့ စီမံဆောင်ရွက်ချက်များ၏လူမှုရေးအကျိုးသက်ရောက်မှုများ ဖြစ်စဉ်အတွင်း၌လည်း ယူဆောင်လာရမည်ကို သဘောပေါက်ထားပါသည်။

- အနာဂတ်မျိုးဆက်သစ်များအတွက် ပတ်ဝန်းကျင်ကို မပျက်စီးအောင် ထိန်းသိမ်းသော အပြုအမူဖြင့် စီးပွားရေးစီမံခန့်ခွဲခြင်းကို ကျွန်ုပ်တို့ ယုံကြည်ပါသည်။ အက်တလက်စ်ကော့ပ်ကို၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများပေးသည့် နယ်ပယ်အတွင်း ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဦးဆောင်သည့် စက်မှုလုပ်ငန်း ဦးဆောင်သူ တစ်ဦးဖြစ်ရန် ရည်မှန်းပါသည်။ အစိတ်အပိုင်းတစ်ခုအနေဖြင့်၊ ထုတ်ကုန်များနှင့် လုပ်ငန်းစဉ်များအားလုံးအား အရည်အသွေး၊ ဘေးအန္တရာယ်ကင်းဝေးရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာရှုထောင့်တို့မှ အကဲဖြတ်သတ်မှတ်ပါသည်။ကျွန်ုပ်တို့၏ အဓိကစံနှုန်းများသည် ISO 9001, နှင့် OHSAS 18001 သတ်မှတ်ချက်အတိုင်း ရှိရန် ရည်ရွယ်ပါသည်။

- အက်တလက်စ်ကော့ပ်ကိုသည် ဒေသတွင်း အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သင်ယူလေ့လာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အားပေးပြီး၊ အဓိကအဖွဲ့အစည်း၏ ဆက်စပ်သည့်စီမံကိန်းဖြစ်သည့်ျ္ပအေနမ်ႇသမ ဗူ (အားလုံးအတွက်ရေ)ကို အသိအမှတ်ပြုသည်။

# အလုပ်သမားများ

ကျွန်ုပ်တို့သည် လက်ရှိနှင့် နောင်တွင်ရှိလာမည့် အလုပ်သမားများ နှစ်ရပ်စလုံးတွက် နှစ်သက်ဖွယ်ကောင်းသော အလုပ်ရှင်ဖြစ်စေရန် အမြဲကြိုးပမ်းသည်။ ကျွန်ုပ်တို့၏ရည်မှန်းချက်မှာ အတတ်ပညာရှင်နယ်ပယ်ထဲမှ လူများကို ဆွဲဆောင်ရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်၊ နှင့် အားပေးလှုံ့ဆော်ပေးရန် ဖြစ်သည်။

- ကျွန်ုပ်တို့၏ စီမံဆောင်ရွက်မှုများအားလုံးတွင် ဘေးအန္တရာယ်ကင်းဝေး၍ ကျန်းမာရေးနှင့် ညီညွတ်သော အလုပ်ပတ်ဝန်းကျင် တစ်ခု ပြုလုပ်ပေးရန် ရည်ရွယ်သည်။

- အခွင့်အလမ်းများ၊ တရားမျှတမှုများနှင့် အမျိုးအစားစုံလင်မှုတွင် သာတူညီမျှမှုရှိစေမည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ ကျွန်ုပ်တို့သည် အလုပ်အတွက် အခြေခံအရည်အချင်းများအား၊ လူမျိုး အသားအရောင်၊ ဘာသာ၊ ကျားမ၊ အသက်အရွယ်၊ နိုင်ငံသား၊ မသန်မစွမ်းဖြစ်ခြင်း၊ လိင်စိတ်ဝင်စားမှု။ အသင်းဝင်နှင့် နိုင်ငံရေးအတွေးအခေါ်တို့တွင် ခွဲခြားမှုမရှိစေဘဲ အလုပ်ခန့်ထားသလို ရာထူးမြှင့်တင်ပေးပါသည်။

- စုပေါင်းညှိနှိုင်းခြင်း၏ ဦးတည်ချက်များအတွက် အလုပ်သမားသမဂ္ဂအားဖြင့် ကိုယ်စားပြုသည်၊ မပြုသည်ကို အလုပ်သမားများတွင် ရွေးချယ်ပိုင်ခွင့်ရှိသည်ကို ကျွန်ုပ်တို့ အသိအမှတ်ပြုသည်။ ထိုကဲ့သို့အခွင့်အရေးအား မည့်သည့်အလုပ်သမားက ကျင့်သုံးသင့်သည်၊ မကျင့်သုံးသင့်သည်ဟု ညွှန်ပြ၍ ခွဲခြားဆက်ဆံခြင်းမရှိစေရပါ။

- ကျွန်ုပ်တို့၏လုပ်ငန်းစီမံကိန်းများတွင် အလုပ်သမားအား အတင်းအကျပ်ခိုင်းခြင်း သို့မဟုတ် မလုပ်မနေရ အလုပ်လုပ်စေခြင်း သို့မဟုတ် ကျွန်ုပ်တို့၏လုပ်ငန်းခွင်များတွင် အသုံးပြုခြင်းများကို မည်သည့်အခြေအနေမျိုးတွင်မှ ဖြစ်စေမည်မဟုတ်ပါ။ ကလေးအလုပ်သမားနှင့် ကလေးများအား အခြားမည်သည့်ပုံစနှင့်မဆို ခေါင်းပုံဖြတ်ခြင်းများအား တင်းတင်းကြပ်ကြပ် ဆန့်ကျင်သည်။ အသက် ၁၅ နှစ်အောက် နှင့် ဒေသတွင်းစံချိန်များအရ သတ်မှတ်ထားသော အသက်ကြီးသူများ မည်သူမဆို ကျွန်ုပ်တို့ အလုပ်ခိုင်းမည်မဟုတ်ပါ။

- တရားသောနည်းလမ်းတစ်ခုအတွင်း အဖွဲ့အားကူညီထောက်ပံ့ရန်နှင့် ကျွန်ုပ်တို့၏လုပ်ဆောင်ချက်အား ဆုချီးမြှင့်ရန် မျှော်လင့်သည်။ အနိမ့်ဆုံး လစာကို အကြံပြုထောက်ခံထားသော အဆင့်တစ်ခုဖြင့် ပေးအပ်ခြင်းမဟုတ်ပဲ နိုင်ငံ့ဥပဒေမှပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်စေရမည်။ ဆန်းစစ်ချက်များအားနှစ်စဉ်အခြေခံ၍ ပြုလုပ်သည်။

- အဖွဲ့နှင့်အတူ တိုးတက်လာသော ကျွန်ုပ်တို့၏ အခွင့်အလမ်းများအား စိတ်ချရစေရန် လေ့ကျင့်မှုသင်တန်းနှင့်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စေမည့်အရာများကို ကျွန်ုပ်တို့ အဆက်မပြတ်ကမ်းလှမ်းနေသည်။ အဓိက ရည်ရွယ်ချက်မှာ ရလဒ်ကောင်းများ ရရှိရန် လိုအပ်သည့် လုပ်ရည်ကိုင်ရည် ဖွံ့ဖြိုးတိုးတက်မှု ကို အလုပ်သမားတိုင်း လက်ခံရရှိစေရန် ဖြစ်သည်။

- ကျွန်ုပ်တို့အား လူ့အခွင့်အရေးများ၊ ဘေးအန္တရာယ်ကင်းဝေးရေး၊ စာရိတ္တပျက်ယွင်းခြင်း၊ ပတ်ဝန်းကျင်အကျိုးသက်ရောက်မှုနှင့်အခြားသော ကျွန်ုပ်တို့၏ လုပ်ငန်းစီမံကိန်းများနှင့် ဆက်စပ်လျက်ရှိသော ကိစ္စများတွင် ပါဝင်ပတ်သက်ခြင်းများကို လေ့ကျင့်ပေးထားသည်။ ဤနည်းလမ်းသည် ကျင့်သုံးနေသော အခွင့်အရေးများအား လေးစားလိုက်နာရန် ပေးထားသည့် ကျွန်ုပ်တို့၏ကတိကဝတ်များကို သေချာစေသည်။

- အသုံးပြုနိုင်သမျှ ဗဟုသုတနှင့် အတွေ့အကြုံများကိုအပြည့်အဝအသုံးချရန် အဖွဲ့ခွဲများနှင့်ဆိုင်သော၊ လုပ်ငန်းသဘောအရဖြစ်သော နှင့် ပထဝီအနေအထားအရဖြစ်သော နယ်စပ်ဒေသများကိုဖြတ်သန်း၍ သတင်းအချက်အလက် ဖလှယ်ခြင်းကို အားပေးသည်။

# ဖေါက်သည်များ

လက်ရှိ နှင့် ဖြစ်လာဖွယ်ရှိသောဖေါက်သည်များ နှင့် အခြားသုံးစွဲသူများ ကြိုက်နှစ်သက်သည့် ထောက်ပံ့ပေးသူ ဖြစ်လာစေရန် ကျွန်ုပ်တို့ ကြိုးပမ်းပါသည်။ ဆိုလိုသည်မှာ ရနိုင်သမျှ ဖေါက်သည် နှင့် ဈေးကွက်ပမာဏ အများဆုံး ရရှိရန်ဖြစ်သည်။

- ဖေါက်သည်များ၏ကုန်ထုတ်စွမ်းအားနှင့် ကြီးပွားချမ်းသာမှုတို့ကို ကူညီထောက်ပံ့နိုင်မည့် အရည်အသွေးမြင့်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအား အပြောင်းအလဲမရှိ တည်ငြိမ်စွာ အစဉ်ပေးပို့နိုင်ရန် ကျွန်ုပ်တို့ ရည်မှန်းပါသည်။

- ကျွန်ုပ်တို့၏ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများသည် ကျွန်ုပ်တို့ဖေါက်သည်များ၏ ကုန်ထုတ်စွမ်းအား၊ အရည်အသွေး၊ လိုက်ဖက်မှု၊ ဘေးအန္တရာယ်ကင်းဝေးရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်း ပေးရန်ရည်ရွယ်ပါသည်။

- ကျွန်ုပ်တို့သည် နိုင်ငံတစ်ခုစီနှင့် ဈေးကွက်တစ်ခုစီတွင်ရှိသော ဖေါက်သည်များကို ကာလရှည် ကတိကဝတ်ဖြင့် ကမ္ဘာအနှံ့ စီမံဆောင်ရွက်ပြီး၊ ကျွန်ုပ်တို့၏ဖေါက်သည်များနှင့် ခင်မင်ရင်းနှီးမှုများ တည်ဆောက်ခြင်းဖြင့် ဖေါက်သည်များ၏ မျှော်မှန်းချက်များကို ရရှိစေရန် နှင့် သာလွန်စေရန် ကျွန်ုပ်တို့ အမြဲကြိုးစားပါသည်။

# စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ

ပစ္စည်းပေးသွင်းသူများ၊ ထပ်ဆင့်ကန်ထရိုက်တာများ၊ ဖက်စပ်လုပ်ငန်း လုပ်ဖော်ကိုင်ဖက်များ၊ ကိုယ်စားလှယ်များနှင့် ဖြန့်ဝေသူများအစရှိသော ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များကို အကောင်းဆုံး ကူညီပေးရန် နှင့် ထိုသူတို့က ဦးစားပေးသူတစ်ဦးဖြစ်စေရန် ကျွန်ုပ်တို့ အမြဲကြိုးစားသည်။

- ကျွန်ုပ်တို့သည် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များကို ကုန်ထုတ်စွမ်းအား၊ အရည်အသွေး၊ ပို့ဆောင်မှု၊ ဈေးနှုန်း နှင့် ယုံကြည်အားထားနိုင်မှု အစရှိသော အခြေခံ ဓမ္မဓိဋ္ဌာန်ကျ အချက်များသာမက၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေး လုပ်ဆောင်မှု၊ နှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ရန် ကတိကဝတ်ပေးထားချက်များအပေါ် အခြေခံ၍ ရှာဖွေ အကဲဖြတ် ရွေးချယ်ပါသည်။

- ထိုသူတို့အား ကျွန်ုပ်တို့၏ ကတိကဝတ်များအား နားလည်သဘောပေါက်စေပြီး၊ ကျွန်ုပ်တို့၏မူဝါဒများကို လိုက်နာရန် မျှော်လင့်သည်။

# အစုစပ်ပါဝင်သူများ

အစုစပ်ပါဝင်သူများ ရင်းနှီးမြှုပ်နှံရန်အတွက် ကုမ္ပဏီကို ပိုမိုနှစ်သက်လာစေရန် ကျွန်ုပ်တို့ အမြဲကြိုးစားပြီး၊ တီထွင်ဖန်တီးရန်နှင့် အစုစပ်ပါဝင်သူတန်ဖိုး စဉ်ဆက်မပြတ် တိုးပွားစေရန်ကျွန်ုပ်တို့ ရည်မှန်းသည်။

- ကျွန်ုပ်တို့သည်ကျွန်ုပ်တို့ တတ်စွမ်းသမျှ ဆောင်ရွက်၍အကျိုးအမြတ်ရစေသောလုပ်စွမ်းအား၊ သဘာဝနှင့် ရင်းနှီးမြှုပ်နှံမှုငွေ စသည့် အရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်သိစွာ ဆောင်ရွက်ပါသည်။

- ကျွန်ုပ်တို့သည် ရေရှည်တည်တံ့သော ကုန်ထုတ်လုပ်မှုအတွက် ဖေါက်သည်များကို ဆန်းသစ်တီထွင်မှု၊ ယှဉ်ပြိုင်မှုရှိသော ထုတ်ကုန်များ နှင့် ဝန်ဆောင်မှုများ ပေးစွမ်းခြင်းအားဖြင့် သာမန်စက်မှုလုပ်ငန်းထက်ပိုသည့် ရေရှည်ရင်းနှီးမြှုပ်နှံမှု ပြန်ရငွေ ရရှိစေရန် ရည်မှန်းပါသည်။

# တာဝန်ခံမှု

## ပွင့်လင်းမြင်သာမှုရှိခြင်း

ကျွန်ုပ်တို့၏ဆက်သွယ်ရေးစနစ်များအားလုံးတွင် စာသားနှင့် ဖြစ်စေ စကားပြော နှင့်ဖြစ်စေ နှစ်မျိုးစလုံးကို စီးပွားရေးလုပ်ငန်းဆိုင်ရာ နှုတ်လုံမှု အတိုင်းအတာများအတွင်း ပွင့်လင်း မှန်ကန် တိကျမှု ရှိနေစေရန် ကတိကဝတ်ပြုသည်။ ကျွန်ုပ်တို့၏ လုပ်ရှားမှုများအား ဆီလျော်၍ ယုံကြည်အားထားရသော သတင်းအချက်အလက်များဖြင့် အချိန်မှန် နှင့် ပုံမှန် ဖော်ပြပေးပါသည်။ ကျွန်ုပ်တို့သည် တုံ့ပြန်မှုများကို အလေးထားသောကြောင့် အစုစပ်ပါဝင်သူများ အားလုံး၏ ဆွေးနွေးတင်ပြမှုများကို အကောင်းမြင်ပါသည်။

အက်တလက်စ်ကော့ပ်ကိုသည် အလုပ်သမားတိုင်းနှင့်ပါတ်သက်၍ မှတ်တမ်းတင်စဉ်၊ ဖြစ်ပျက်နေစဉ် နှင့် သတင်းအချက်အလက်များ အစီရင်ခံနေစဉ်တွင် ၎င်းတို့သည် နှုတ်လုံမှု၊ ကျိုးကြောင်းခိုင်လုံမှု၊ နှင့် မှန်ကန်မှုတို့ကို ကာကွယ်မှုပေးရန် မျှော်လင့်ထားနိုင်သည့်၊ အဆင့်မြင့်အစီရင်ခံခြင်းစံချိန်များကို အသုံးပြုသည်။

ငွေရေးကြေးရေးရလဒ်များအားနှစ်စဉ်နှင့်သုံးလတစ်ကြိမ်အစီရင်ခံစာများတွင်ထုတ်ပြန်ကြေညာသည်။ စီးပွားရေး၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးလုပ်ဆောင်ချက်များကို နှစ်စဉ် ရေရှည်ထိန်းထားနိုင်စွမ်း အစီရင်ခံစာတွင် ထုတ်ပြန်ကြေညာသည်။

ထုတ်ပြန်ကြေညာချက်အား ကျွန်ုပ်တို့၏ အမှတ်တံဆိပ်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း ကျယ်ပြန့်သော ဖြည့်စွက် သတင်းအချက်အလက်များနှင့် ပါဝင်သောအက်တလက်စ်ကော့ပ်ကိုဝက်ဘ်ဆိုဒ www.atlascopco.com တွင်ဝင်ရောက်ကြည့်ရှုနိုင်သည်။

# စီးပွားရေးဖြောင့်မတ်ခြင်း

ကျွန်ုပ်တို့ လုပ်ငန်းဆောင်ရွက်သည့်နေရာတိုင်းတွင်၊ ကျွန်ုပ်တို့၏ ဂုဏ်သတင်းသည် အဖိုးအတန်ဆုံးသော အရာတစ်ခုဖြစ်ပြီး၊ ၎င်းအားကျွန်ုပ်တို့မည်သို့ ပြုမူသည်ဆိုသည်က အဆုံးအဖြတ်ပေးသည်။ အဖွဲ့အစည်းအတွက်လေးစားမှုကိုထိခိုက်စေမည့်မည်သည့်အပြုအမူမျိုးမဆို ကျွန်ုပ်တို့ရှောင်ရှားမည်ဖြစ်သည်။

- ကျွန်ုပ်တို့တွင်အဆင့်မြင့်သော စီးပွားရေးနှင့်ကိုယ်ပိုင်ကိုယ်ကျင့်တရားစံနှုန်းများရှိသည်၊ ကျွန်ုပ်တို့၏အတွင်းမူဝါဒများကို လိုက်နာစောင့်ထိန်းသည်၊ ကျွန်ုပ်တို့ စီမံဆောင်ရွက်နေသော နိုင်ငံများရှိ ချမှတ်ထားသော ဥပဒေနှင့် စည်းမျဉ်းများအားလုံးကို သေချာစွာလိုက်နာသည်။

- ကျွန်ုပ်တို့သည် လုပ်ငန်းချောမွေ့ရေးအတွက်အပိုပေးလာသောငွေကြေးအပါအဝင်၊ လာဘ်ပေးလာဘ်ယူခြင်းနှင့် စာရိတ္တပျက်ပြားခြင်းများအား လုံးဝခွင့်မပြုပါ၊ မည်သည့် ချိုးဖေါက်မှုမျိုးမဆို ခိုင်မာသောအရေးယူမှုများရှိနေလိမ့်မည်။

- ကျွန်ုပ်တို့သည် အနေအထားတိုင်းတွင်ရိုးသားမှုရှိရန် ကတိပြုစေပြီး၊ အဖွဲ့အစည်းအတွင်းအကျိုးတူစီးပွား အဖွဲ့များ သဘောထားကွဲလွဲမှုရှိခြင်းမှ ထိန်းသိမ်းရှောင်ကြဉ်သည်။

- ကျွန်ုပ်တို့သည် မျှတမှုရှိသောယှဉ်ပြိုင်ခြင်းကို ကူညီပံ့ပိုးရန် နှင့် အစဉ်ကြိုးပမ်းပြီး၊ ဈေးနှုန်းသတ်မှတ်ခြင်း၊ ဈေးကွက်ဖလှယ်ခြင်း၊ သို့မဟုတ် အခြားအလားတူများနှင့်ပါတ်သက်၍ ယှဉ်ပြိုင်ဖက်များနှင့် ဆွေးနွေးခြင်းများ သို့မဟုတ် သဘောတူညီချက်များပြုလုပ်ခြင်းများ မပြုလုပ်ပါ။

- စီးပွားရေးလုပ်ငန်းလက်ဆောင်များ သို့မဟုတ် ပျူငှာမှုများအားပြည်တွင်းပြဋ္ဌာန်းဥပဒေများနှင့် စီးပွားရေးအလေ့အထများနှင့် ပါတ်သက်၍သာလျှင်ကမ်းလှမ်း၊ လက်ခံမှုပြုလုပ်သည်။

- ကျွန်ုပ်တို့သည် အဖွဲ့၏လက်ဆုပ်လက်ကိုင်ပြနိုင်သောနှင့် လက်ဆုပ်လက်ကိုင်မပြနိုင်သော ပိုင်ဆိုင်မှုများအားလုံး အပေါ် လေးစားပြီး ပျောက်ဆုံးခြင်း၊ ခိုးယူခြင်းနှင့် အလွဲသုံးစားပြုခြင်းတို့မှ ကာကွယ်တားဆီးသည်။

- အစိုးရအားသြဇာညောင်းရန်ကြိုးစားခြင်းအား ကုန်သွယ်မှုအတွင်းနှင့် အခြားသော အစိုးရနှင့် မသက်ဆိုင်သည့် အဖွဲ့အစည်းများ အားဖြင့် သို့မဟုတ် အတွင်း တောင်းဆိုခြင်းမှတစ်ဆင့် အဓိက စီမံခန့်ခွဲသည်။

- အဖွဲ့သည် နိုင်ငံရေးစင်မြင့်များတွင်နေရာမယူပါ။ သို့ဖြစ်၍နိုင်ငံရေးလှုံ့ဆော်သည့်လှုပ်ရှားမှုများသို့မဟုတ် ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းများ၊ သို့မဟုတ် တစ်နည်းအားဖြင့် နိုင်ငံရေး ကြိုးပမ်းအားထုတ်မှုများသို့ ထောက်ပံ့ဝန်ဆောင်မှုများအတွက် ကူညီပံ့ပိုးပေးရန် ကျွန်ုပ်တို့သည် အဖွဲ့၏ရံပုံငွေများသို့မဟုတ်ပိုင်ဆိုင်မှုများအားမသုံးစွဲပါ။




# အုပ်ချုပ်ပုံ

ဘုတ်အဖွဲ့တွင် ဥပဒေပြဋ္ဌာန်းပိုင်ခွင့်ရှိပြီး ပါဝင်သည့်အချက်များနှင့် ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်နိုင်ကာ လေးစားလိုက်နာမှုနှင့် အဖွဲ့၏ နည်းဗျူဟာနှင့် ဖွဲ့စည်းပုံ အလုံးစုံတို့ကို အတည်ပြုနိုင်သည်။ တစ်ဦးတစ်ယောက်ဖြစ်သော ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ် မှတစ်ပါး ဘုတ်အဖွဲ့တွင် အမှုဆောင် မဟုတ်သော ဒါရိုက်တာများသာ ရှိသည်။ ဘုတ်အဖွဲ့တွင်ကော်မတီနှစ်ခုရှိသည်။ စာရင်းစစ်ကော်မတီနှင့် အခကြေးငွေကော်မတီဖြစ်သည်။

ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ် သည် အဖွဲ့၏ နေ့စဉ်လုပ်ငန်းစီမံချက်များအတွက် ဘုတ်အဖွဲ့အား တာဝန်ရှိသူဖြစ်သည်။

အဖွဲ့၏အလုပ်အမှုဆောင်အဖွဲ့စီမံအုပ်ချုပ်ရေးသည် ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ် ၏ဦးဆောင်မှုအောက်တွင် အဖွဲ့၏ ဘဏ္ဍာရေး၊ လူမှုရေး၊ နှင့် ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်မှုများအပါအဝင်၊ နည်းဗျူဟာများ၊ ဦးတည်ချက်များ၊ နှင့် မူဝါဒများအား လိုက်နာပြီး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူသည်။

# ကိရိယာတန်ဆာပလာများ နှင့် လေးစားလိုက်နာခြင်း

ဤလက်တွေ့စီးပွားရေးဥပဒေသည် အဖွဲ့အတွင်းရှိကုမ္ပဏီများအားလုံး အတွက်အများနှင့် ဆိုင်သော မူဝါဒများကို အကျဉ်းချုံးထားသည်။ ကျွန်ုပ်တို့၏ ပြုမူလုပ်ဆောင်ပုံများအား ဤအတွင်းမူဝါဒများအားဖြင့် လမ်းညွှန်ထားပြီး၊ အဖွဲ့၏တန်ဖိုးမြင့်မား စေရန် ကျွန်ုပ်တို့အား ကူညီပေးသည်။

အခြားသော အခြေခံသဘောတရားများ၊ လမ်းညွှန်ချက်များ နှင့် ညွှန်ကြားချက်များ ပါဝင်သော ဤမူဝါဒများကို အက်တလက်စ်ကော့ပ်ကို၏ အင်ထရာနက် မှ တဆင့် ကုမ္ပဏီအတွင်း အချက်အလက်များ ဝင်ရောက်ကြည့်ရှုနိုင်သော ကျွန်ုပ်တို့ဆောင်ရွက်ပုံနည်းလမ်း မှ တဆင့် အလုပ်သမားအားလုံး သိရှိနိုင်သည်။

ကျွန်ုပ်တို့ဆောင်ရွက်ပုံနည်းလမ်းတွင်ပါဝင်သောအချက်များအား ရင်းနှီးကျွမ်းဝင်ပြီး လိုက်နာစောင့်ထိန်းရန် အလုပ်သမားတိုင်းတွင် တာဝန်ရှိသည်။ အလုပ်သမားအသစ်များအားလုံးအတွက် စည်းမျဉ်းစည်းကမ်းအရ မဖြစ်မနေလုပ်ရသော အဖွဲ့၏လည်ပတ်ပုံ အစီအစဉ်မှတစ်ဆင့် သင့်လျော်သော လေ့ကျင့်မှုသင်တန်းကို ကူညီပံ့ပိုးပေးသည်။ ကျွန်ုပ်တို့၏လက်တွေ့စီးပွားရေးသင်္ကေတစနစ်အကြောင်းကို အဓိက အစုစပ်ပါဝင်သူများအား အကြောင်းကြားသည်။

ကျွန်ုပ်တို့ဆောင်ရွက်ပုံနည်းလမ်း အတွင်း ဖော်ပြထားသော မူဝါဒများကို အခြေခံ၍ လုပ်ငန်းစီမံဆောင်ရွက်သော ယူနစ်များက နည်းဗျူဟာများနှင့် ကိရိယာတပ်ဆင်မှု အစီအစဉ်များကို ကြိုတင်ပြင်ဆင်သည်။ တစ်နေ့ချင်းစီအတွက် အားဖြည့်ပေးခြင်းနှင့် လိုက်နာရမည်တို့ကို လေးစားလိုက်နာခြင်းရှိရန် မန်နေဂျာ တစ်ဦးချင်းတွင်တာဝန်ရှိသည်။

လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအား မူဝါဒတစ်ခုစီတိုင်းအတွက် ချမှတ်ထားသည်။ အဖွဲ့၏အဆင့် တစ်ခုတွင်လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက် ပြသချက်များအား အစီရင်ခံ လိုက်နာစေသည်။ ဥပဒေနှင့်အညီဖြစ်ပြီး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်လည်းဖြစ်သော ကျွန်ုပ်တို့၏အဓိက အစုစပ်ပါဝင်သူများနှင့် ဆက်ဆံရာတွင် အန္တရာယ်ချင့်ချိန်ဆုံးဖြတ်ခြင်းများအား ဘုတ်အဖွဲ့ အစည်းအဝေးတွင် တင်ပြစေသည်။

ကိရိယာတန်ဆာပလာများအားကာကွယ်စောင့်ရှောက်ရန်၊ ကျွန်ုပ်တို့၏ ကုမ္ပဏီများ၏လုပ်ငန်းခွင်ပေါ်တွင် အတွင်းစာရင်းစစ်များအား စီမံဆောင်ရွက်စေသည်။

ဤလက်တွေ့စီးပွားရေးဥပဒေ၏လေ့လာမိခဲ့သော ချိုးဖောက်ခြင်းများအတွက်၊ ဖြစ်ပွားသည့်နေရာရှိ တိုက်ရိုက်အုပ်ချုပ်သူ မန်နေဂျာ သို့မဟုတ် သူ/သူမ၏မန်နေဂျာသို့ ဆက်သွယ်သင့်သည်။ အရေးယူခြင်းမရှိပါက၊ အစီရင်ခံချက်များအား အဖွဲ့ ၏လူ့ကျင့်ဝတ်ဆိုင်ရာ ကူညီမှုလိုင်း hotline@se.atlascopco.com သို့ပေးပို့သင့်သည်။ အဖွဲ့၏တရားဝင်ဥပဒေအကျိုးဆောင်အဖွဲ့ (မသကစ ုနါဂ ဃသကညုနူ) က ဤအစီရင်ခံစာများကို လက်ခံပြီး အစီရင်ခံသူအားလည်းအမည်မဖော်ဘဲ လျှို့ဝှက်စွာထားပေးရန် အာမခံသည်။ ချိုးဖောက်ခြင်းများသည်အလုပ်မှရပ်နားခြင်းအပါအဝင် ဥပဒေချိုးဖောက်မှုနှင့်သက်ဆိုင်သော အရေးယူခြင်းများကို ချက်ချင်းအရေးယူဆောင်ရွက်ရမည့်ကိစ္စဖြစ်သည်။

## အဆက်အသွယ်များ

အက်တလက်စ်ကော့ပ်ကို AB
ပေါင်းစည်း ဆက်သွယ်ရေးများSE-105 23
စတော့ဟုမ်း၊ ဆွီဒင် ဖုန်း။ ။
(+)46-8-7438000

**ရေရှည်တည်တံ့မှု သတင်းအချက်အလက်**

ရေရှည်တည်တံ့မှုသတင်းအချက်အလက်။ cr@se.atlascopco.com
ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်ဆံရေး။ ။ ir@se.atlascopco.com
Ethical helpline: hotline@se.atlascopco.com

အက်တလက်စ်ကော့ပ်ကိုအဖွဲ့ပေါ်ရှိသတင်းအချက်အလက်များနှင့် အီလက်ထရွန်နစ် ပုံစံတွင် ထုတ်ပြန်ကြေညာချက်များအတွက် တတတ.အေူဈခသစခသ.ခသာ နှစ်စဉ် အစီရင်ခံစာ သုံးလတစ်ကြိမ် အစီရင်ခံစာ ရေရှည်ထိန်းထားနိုင်စွမ်းအစီရင်ခံစာ အောင်မြင်မှု (နှစ်စဉ်ကုမ္ပဏီမဂ္ဂဇင်းတစ်ခု)သို့သွားပါ။

# Sustainable Productivity

ကျွန်ုပ်တို့သို ည် ကျွန်ုပ်တို့၏ ဖောက်သည်များ၊ သဘာဝပတ်ဝန်းကျင်နှင့်
ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ လူများအပေါ် တာဝန်သိတတ်မှုဖြင့် ရပ်တည်ပါသည်။
ကျွန်ုပ်တို့သည် စွမ်းဆောင်ရည်များကို အချိန်အစမ်းသပ်ခံနိုင်အောင် ပြုလုပ်ထားသည်။
ထို့ကြောင့် ရေရှည်တည်တံ့သည့် ကုန်ထုတ်လုပ်မှုစွမ်းအားဟု
မိမိတို့ခေါ် ဆိုပါသည်။

www.atlascopco.com

Atlas Copco

9850 9086 89
©Atlas Copco AB, Sweden 2011, Edition 6
Production: Brand Studio, 2015. Print: nnn (xxx)